ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၃/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ (၂၁) ရက်

ပညာရေးဝန်ကြီးဌာန၏ Non-CDM များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

(၁) အကြမ်းဖက်စစ်ကောင်စီက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ကျောင်းများကို အဓမ္မဖွင့်လှစ်ကာ စစ်ကောင်စီယန္တရားကို လည်ပတ်ရန်ကြိုးစားလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခြေခံပညာ ကျောင်းများ အဓမ္မဖွင့်လှစ်ရေးလည်းတစ်ခု အပါအဝင်ဖြစ်သည်။

(၂) အခြေခံပညာဆရာ၊ဆရာမအများစုသည် ပြည်သူ့အာဏာဖီဆန်ရေး (Civil Disobedience Movement) ဆောင်ရွက်မှုတွင် ဂုဏ်ယူဖွယ်ပါဝင်ခဲ့ကြသည်။ အကြမ်းဖက်စစ်ကောင်စီနှင့် ယင်းတို့၏ လက်ဝေခံ ပညာရေးအရာရှိ အဆင့်ဆင့်၏ ဖိအားပေးခြိမ်းခြောက်မှုကြောင့် Non-CDM အဖြစ် ပြောင်းလဲသွားသူများနှင့် ယင်းသို့ ပြောင်းလဲသွားသယောင်ထင်မြင်ခံရစေရန် အကွက်ချစီစဉ်ခံရသူများလည်းရှိကြောင်း သိရှိရပါသည်။

(၃) CDM အဖြစ် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်ကြသော ဆရာ၊ဆရာမများကို မှတ်တမ်းတင် ဂုဏ်ယူဝမ်းမြောက်သည့်နည်းတူ အကြောင်းအမျိုးမျိုးကြောင့် Non-CDM ဖြစ်သွားသူများကိုလည်း အကြမ်းဖက်စစ်ကောင်စီ၏ အဓမ္မကျောင်းဖွင့်လှစ်ရေးဆောင်ရွက်မှုတွင် ပူးပေါင်းခြင်းမပြုကြရန်နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေး ဝန်ကြီးဌာန၏ ကြားကာလ အခြေခံပညာရေးအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားရန် မေတ္တာရပ်ခံ တိုက်တွန်း အပ်ပါသည်။

(၄) အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဗဟိုချုပ်ကိုင်မှုလွန်ကဲသော စနစ်ကို ဖျက်သိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်နှင့် ကိုက်ညီသောစနစ်ကို သက်ဆိုင်ရာ Stakeholder များနှင့် ဆွေးနွေးမှုများ ပြုလုပ်ကာ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

(၅) ပညာရေးစီမံခန့်ခွဲမှုစနစ်သစ်ဖော်ဆောင်ရာ၌ CDM ဆရာ၊ဆရာမများအဖြစ် ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်ကြသူများကို ဦးစားပေးအဖြစ် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး၊ အကြောင်းအမျိုးမျိုးကြောင့် Non-CDM ဖြစ်သွားသော်လည်း CDM အဖြစ်ပြန်လည်ပါဝင်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်း/ရုံးဝန်ထမ်းများကိုလည်း အစီအစဉ်တစ်ခုထားရှိကာ ခန့်အပ်တာဝန်ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ)
ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ